## Aqua-DST ကို အသုံးပြု၍ မြန်မာပြည် အထက်ပိုင်းရှိ ငါးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့နိုင်ရန် အလားအလာရှိသော နေရာများကို ရှာဖွေခြင်း

### ရေရှည်တည်တံ့သောငါးမွေးမြူရေးလုပ်ငန်းဆိုင်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပိုမိုကောင်းမွန်သောဆုံးဖြတ်ချက်များအား ပံ့ပိုးပေးခြင်း

မြန်မာနိုင်ငံ အပါအဝင် အရှေ့တောင်အာရှဒေသများတွင် ရာသီဥတုပြောင်းလဲခြင်းများကြောင့် ဖြစ်ပေါ်လာသော ရေကြီးရေလျှံခြင်းနှင့် မိုးခေါင်ရေရှားခြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များကိုရင်ဆိုင်ကြုံတွေ့နေရပါသည်။ အဆိုပါရာသီဥတုပြောင်းလဲခြင်းကြောင့် တဖက်တွင်လည်း ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများတွင် သက်ရောက်မှုများ ရှိစေပြီး ဒေသတွင်းအသားဓါတ်ကြွယ်ဝစွာရရှိစေရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချစေရေးအတွက် အသက်



မွေးဝမ်းကျောင်းလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း အဟန့်အတားများ ဖြစ်ပေါ်စေလျက်ရှိပါသည်။ သို့ရာတွင် ဒေသတွင်း စားရေရိက္ခာဖူလုံရေး နှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်စေရေးအတွက် ငါးမွေးမြူခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရန် ငါးကန်များတူး ဖော်ရာတွင် ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်လာသော ဘေးအန္တရာယ်များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအချက်အလက်များနှင့် လူမှုစီးပွားရေးဆိုင်ရာအချက်အလက်များကို ထည့်သွင်းစဉ်းစားခြင်း မပြုပါက (တခါတရံတွင်) လုံလောက် ထိရောက်မှု မရှိခြင်းနှင့် ဆုံးရှုံးမှုများ ဖြစ်ပေါ်စေပါသည်။ ထိုသို့သော အကြောင်းအရာများကို ပေါင်းကူး ဖြည့်ဆည်းပေးနိုင်ရန်အလို့ငှာ သိပ္ပံနည်းကျ သင့်တော်မှုနှုန်း ဆန်းစစ်မှုများမှတဆင့် ရေရှည်တည်တံ့သော ငါးမွေးမြူရေးဆိုင်ရာ ဖွံ့ဖြိုး တိုးတက်မှုများကို လမ်းပြနိုင်ရန် စွမ်းဆောင်ရည်မြင့်မား၍ သုံးစွဲသူများ လွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်သည့် ငါးမွေးမြူရေးဆိုင်ရာဆုံးဖြတ်ချက် အထောက်အကူပြု အချက်အလက်များ (Aqua-DST) ဒက်ရှ်ဘုတ်ကို ဖန်တီးခဲ့ပါသည်။

### Aqua-DST ဘာကြောင့်အရေးပါသလဲ

ငါးမွေးမြူရေးလုပ်ငန်းအများစုသည် ဈေးကွက်၊ အထောက်အပံ့အရင်းမြစ်များ၊ အခြေခံအဆောက်အဦ နည်းပါးခြင်းနှင့်ရာသီဥတုဆိုင်ရာဘေးအန္တရာယ်ကျရောက်နိုင်ချေများ အစရှိသည့် အကြောင်းအရာ

များအကြားတွင်ချိတ်ဆက်မှုအားနည်းခြင်းများကြောင့်များစွာ ရုန်းကန်နေကြရပါသည်။ မြန်မာနိုင်ငံတွင်ကုန်းတွင်းပိုင်းရေချိုငါးမွေးမြူရေးလုပ်ငန်းသည် မိရိုးဖလာဆန်စပါးစိုက်ပျိုးရေးလုပ်ငန်းထက် ဝင်ငွေနှင့်အလုပ်ကိုင်အခွင့်အလမ်းတိုးတက်မှု ရရှိနိုင်သည့် အလားအလာရှိသော်လည်း မြေယာအသုံးချမှု ကန့်သတ်ချက်မူဝါဒများကြောင့် ကုန်းတွင်းပိုင်းငါးမွေးမြူရေးလုပ်ငန်း တိုးတက်မှုကို အဟန့်အတားဖြစ်စေပါသည်။ ဤကဲ့သို့သော စိန်ခေါ်မှုများကို ကျော်လွှားနိုင်စေရန် Aqua-DST သည်ငါးမွေးမြူရေးကန်များ တိုးချဲ့ဆောင်ရွက်ရာတွင် သင့်လျော်မှုအားအကောင်းဆုံးမြို့နယ်များကို သတ်မှတ်ဖော်ထုတ်နိုင်ရန်အတွက် ဒေတာအချက်အလက်များ ထည့်သွင်းတွက်ချက်အသုံးပြုသည့် နည်းလမ်းဖြင့်ကူညီပေးပါသည်။

Aqua-DST ကို ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ် စသည့်အဓိကဒေသများကို လွှမ်းခြုံထားသော မြန်မာပြည်အထက်ပိုင်းရှိမြို့နယ်ပေါင်း(၁၇၀)အတွက်ရေးဆွဲဖော်ဆောင်ထားပြီး ဖြစ်ပါသည်။ ဤဆုံးဖြတ်ချက် အထောက်အကူပြုကိရိယာကို ရေသတ္တဝါအစားအစာ ထုတ်လုပ်မှုစနစ် ဖွံ့ဖြိုးတိုးတက်စေရန် ဦးစားပေးမြေနေရာများ ခွဲခြားသတ်မှတ်ရာတွင် ပံ့ပိုးပေးနိုင်ရန်အတွက် စီစဉ်ရေးဆွဲထားခြင်းဖြစ်ပါသည်။




*ပုံ၁- Aqua-DSTဒက်ရှ်ဘုတ်ပင်မစာမျက်နှာ နှင့် သုံးစွဲသူလမ်းညွှန်*

## ပိုမိုခေတ်မီဆန်းသစ်သောနည်းလမ်းဖြင့် ငါးမွေးမြူရေးကန်များ တိုးချဲ့ဆောင်ရွက်ရန် အစီအစဉ်ချခြင်း

Aqua-DST သည် ငါးမွေးမြူရေးဆိုင်ရာလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် သင့်လျော်သော မြို့နယ်နေရာများကို ဆုံးဖြတ်သတ်မှတ်နိုင်ရန်အတွက် ရာသီဥတုဆိုင်ရာဘေးအန္တရာယ်များဖြစ်သော ရေကြီးရေလျှံခြင်းနှင့် မိုးခေါင်ရေရှားခြင်း၊ ရေရရှိမှု၊ ငါးလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အဦ၊ ဇီဝရုပ်ပိုင်းဆိုင်ရာနှင့် လူမှုစီးပွားဆိုင်ရာအစရှိသည့် များစွာသော ဒေတာအချက်အလက် အရင်း

အမြစ်များကိုစုစည်းထားခြင်းဖြစ်ပါသည်။ ဤဆုံးဖြတ်ချက် အထောက်အကူပြုစနစ်တွင် ဒေတာ အချက်အလက်များ လွယ်ကူလျင်မြန်စွာ ချိတ်ဆက်ပေးထားသော ဒက်ရှ်ဘုတ်ကို အသုံးပြုသူများ အနေဖြင့် မြေပုံပေါ်တွင် ပါဝင်သော မတူညီသောတည်နေရာများ၏ သင့်လျော်မှုအဆင့်များကို ရှာဖွေရာတွင်လည်းကောင်း၊ မိမိစိတ်ဝင်စားသည့် မြို့နယ်၏သင့်လျော်မှုနှုန်းရလဒ်များကို ပြောင်းလဲ၍ မည်သည့်အချက်အလက်များကြောင့် အားသာချက်၊ အားနည်းချက်များ ဖြစ်ပေါ်နေသည်ကို လည်းကောင်းစူးစမ်းလေ့လာနိုင်ပြီး ငါးမွေးမြူရေးလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများအတွက် ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် အထောက်အကူပြုစေပါသည်။

ဤဆုံးဖြတ်ချက်အထောက်အကူပြုမြေပုံများတွင် ငါးမွေးမြူရေးလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အတွက် သင့်လျော်မှုအား အောက်ပါအတိုင်း အဆင့်(၄)ဆင့် ခွဲခြားသတ်မှတ်ထားပါသည်–

(၁) **သင့်လျော်မှုအားနည်းသည် (၀–၂၅%)** – သိသာထင်ရှားသော စိန်ခေါ်မှုများ ရှိနေပြီး ငါးမွေးမြူရေးလုပ်ငန်းအား အထောက်အပံ့ဖြစ်စေမည့် အဓိကကျသော ရင်းနှီး မြှုပ်နှံမှုများလိုအပ်လျက်ရှိသည်။

(၂) **အသင့်အတင့်သင့်လျော်သည်(၂၅.၁–၅၀%)** – ငါးမွေးမြူရေးလုပ်ငန်းများ ပိုမိုကောင်းမွန်လာစေရန် လိုအပ်သောနေရာများတွင် အဆင့်မြှင့်တင်ပေးခြင်းများ (ဥပမာ–ပိုမိုကောင်းမွန်သောရေစီမံခန့်ခွဲမှု) လုပ်ဆောင်ပါက သင့်တော်မှုပိုမိုအား ကောင်းလာနိုင်ပါသည်။

(၃) **သင့်လျော်သည်(၅၀.၁–၇၅%)** – အခြေအနေအများစုသည် သင့်လျော်ကောင်းမွန်ပြီး တိုးတက်မှုအနည်းငယ်သာလိုအပ်လျက်ရှိသည်။

(၄) **သင့်လျော်မှုအားကောင်းသည်(၇၅.၁–၁၀၀%)** – ငါးမွေးမြူရေး လျင်မြန်စွာတိုးတက်မှုအတွက် အားကောင်းသောအလားအလာများရှိသည့် စံနမူနာမြို့နယ် နေရာများဖြစ်သည်။

ရာသီဥတုဆိုင်ရာဘေးအန္တရာယ်သက်ရောက်နိုင်ချေများ၊ ငါးမွေးမြူရေးဆိုင်ရာ အခြေခံအဆောက်အဦများ၊ ဇီဝရုပ်ပိုင်းဆိုင်ရာ အချက်အလက်များနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များ အစရှိသည့်မတူညီသည့် အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာကြည့်ခြင်းအားဖြင့် အသုံးပြုသူများမှ ၎င်းတို့၏ ဆန်းစစ်လေ့လာမှုကို ပိုမိုချဲ့ထွင်အသုံးပြုနိုင်ပါသည်။ အသုံးပြုသူများအနေဖြင့် တိုးချဲ့ရန် အလားလာရှိသောမြို့များရှိ မြေအသုံးချမှု နှင့် ရေပြင်ကျယ်ဧရိယာများကို ရှာဖွေလေ့လာနိုင်သလို မိမိလိုချင်သည့်မြို့နယ်အတွက် သင့်လျော်သော ငါးမျိုးစိတ်များကိုလည်း ရွေးချယ်နိုင်ပါသည်။ မြို့နယ်ဆိုင်ရာ ဒေတာအချက်အလက်များ စုစည်းမှုမှ ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်များ၊ ငါးမွေးမြူရေးနည်းစနစ်များ၊ ဇီဝရုပ်ပိုင်းဆိုင်ရာနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များကို

ပြည့်စုံစွာဖော်ပြထားခြင်းကြောင့်ငါးမွေးမြူရေးလုပ်ငန်းများတိုးချဲ့နိုင်ရန်အတွက်အသုံးပြုသူများမှ စိတ်တိုင်းကျ စီမံကိန်းနည်းဗျူဟာများကို ပြင်ဆင်ရေးဆွဲရာတွင်လည်းကောင်း၊ ဆုံးဖြတ်ချက်ပေးနိုင်သောအကြီးအကဲများထံသို့ဆွေးနွေးတင်ပြရာတွင်လည်းကောင်း များစွာအထောက်အပံ့ဖြစ်စေပါသည်။




*ပုံ၂ – ငါးမွေးမြူရေးလုပ်ငန်းတိုးချဲ့ရန်ဦးစားပေးမြေဧရိယာသတ်မှတ်နိုင်ရန်အတွက် သင့်လျော်မှုပြသသည့်မြေပုံ*




*ပုံ၃–မြို့နယ်အလိုက် သင့်လျော်သော ငါးမျိုးစိတ်များ ရွေးချယ်နိုင်ခြင်း သရုပ်ပြပုံ*

## စွမ်းဆောင်ရည်မြှင့်တင်သော သင်တန်းများပေးခြင်း

Aqua-DST ၏အကျိုးရှိမှုကို အကောင်းဆုံးအသုံးချနိုင်ရန် လက်တွေ့အသုံးချသင်တန်းပေးခြင်း အစီအစဉ်များကို မြန်မာနိုင်ငံရှိမြို့နယ်များတွင်လုပ်ဆောင်ခဲ့ပါသည်။ ထို(၂)ရက်တာသင်တန်းများ တွင်အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများ ကဲ့သို့သော ငါးမွေးမြူရေးလုပ်ငန်းနှင့်သက်ဆိုင်သောသူများကို ဆုံးဖြတ်ချက် အထောက်အကူပြု စနစ်တည်ဆောက်ပုံနှင့် ဒက်ရှ်ဘုတ်အား ကျွမ်းကျင်စွာ အသုံးပြုနိုင်စေရန်နှင့် သင့်လျော်မှုနှုန်း အကဲဖြတ်သုံးသပ်ချက်များကို ထိရောက်စွာ လုပ်ဆောင်နိုင်စေရန်အတွက် လက်တွေ့အသုံးချ လေ့ကျင့်ခန်းများပို့ချခဲ့ပါသည်။ ယနေ့အထိ **အမျိုးသမီး(၃၇)ဦးအပါအဝင် စုစုပေါင်းသင်တန်းသား (၉၉) ဦး**အား အချက်အလက် ပြည့်စုံသော ငါးမွေးမြူရေးစီမံကိန်းများရေးဆွဲနိုင်ရန်အတွက် Aqua-DST၏ ကျောရိုးဖြစ်သော စံနှုန်းများ၏ အရေးပါမှုအဆင့်ဆင့်ကို ခွဲခြားသော ကိရိယာ (excel tool) နှင့် သင့်လျော်မှုပြမြေပုံများ၊ အဖြေရလဒ်များ သုံးသပ်သောဒက်ရှ်ဘုတ် အသုံးချနည်းသင်တန်းများ ကိုပို့ချပေးခဲ့ပြီး ဖြစ်ပါသည်။

ရှေ့လုပ်ငန်းစဉ်အနေဖြင့် ရန်ကုန်မြို့တွင် သက်ဆိုင်ရာ ငါးမွေးမြူရေးလုပ်ငန်းနှင့် ပတ်သက်သူများ အားဖိတ်ကြား၍ Aqua-DST လက်တွေ့အသုံးချသင်တန်း ထပ်မံပို့ချပေးသွားမည် ဖြစ်ပါသည်။ သင်တန်းသားစိစစ်ရွေးချယ်ရာတွင်လည်း လက်တွေ့အသုံးချမည့်သူများနှင့် ၎င်းတို့၏ ကွန်ပျူတာ စွမ်းရည်အပေါ်မူတည်၍စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။ နည်းပညာအသစ်များနှင့် ငါးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုကို စိတ်ပါဝင်စားသည့် အွန်လိုင်းမှ တက်ရောက်လိုသော ငါးမွေးမြူရေးလုပ်ငန်းနှင့် ဆက်စပ်သူများအတွက်လည်းအွန်လိုင်းဆွေးနွေးပွဲတစ်ခု ပြုလုပ်သွားမည်ဖြစ်ပါသည်။ ထိုလက်တွေ့ အသုံးချသင်တန်းနှင့် အွန်လိုင်းဆွေးနွေးပွဲများသို့ ပါဝင်တက်ရောက်ရန် စိတ်ပါဝင်စားပါက ကျွန်ုပ်တို့ထံ ဆက်သွယ်၍ အသေးစိတ်အချက်အလက်များ စုံစမ်းမေးမြန်းနိုင်ပါသည်။



*ပုံ၄ – လက်တွေ့အသုံးချသင်တန်းများတွင် ပါဝင်သူများမှလှုပ်ရှားမှုများအားစိတ်ပါဝင်စားစွာဆောင်ရွက်နေပုံ (ဓါတ်ပုံမူပိုင် –ရှယ်လီဝင်း)*

## ရေရှည်တည်တံ့သော အနာဂတ်သို့ချဲ့ထွင်ခြင်း

ရှေ့လုပ်ငန်းစဉ်အနေဖြင့် ငါးမွေးမြူရေးလုပ်ငန်းများဆိုင်ရာ ဆုံးဖြတ်ချက်အထောက်အကူပြုကိရိယာ(Aqua-DST)အား ငါးလုပ်ငန်းဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်နိုင်ရေးကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ပြီးAqua-DST၏ ရေရှည်တည်တံ့ရေးအတွက် သေချာစွာ စီစဉ်လုပ်ဆောင်ရမည်ဖြစ်ပါသည်။ အထူးသဖြင့် စီမံကိန်းရန်ပုံငွေကာလ ပြီးဆုံးပြီးနောက်ပိုင်းတွင်လည်း Aqua-DST ၏ဒေတာအချက်အလက်များကို နောက်ဆုံးရအချက်အလက်များဖြင့် မွမ်းမံပြီးကိုက်ညီမှုရှိစေရန် လိုအပ်ပါသည်။ Aqua-DST ဒက်ရှ်ဘုတ်သည် ငါးလုပ်ငန်းဦးစီးဌာနနှင့် အခြားသောအရင်းအမြစ်များမှရရှိလာသော ဒေတာအချက်အလက်များကို ပေါင်းစည်း၍ ငါးမွေးမြူရေးလုပ်ငန်းစီမံကိန်းများ တိုးချဲ့ဆောင်ရွက်ရာတွင် ဆုံးဖြတ်ချက်များချရန် အချက်အလက်များစွာကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုရာတွင် အထောက်အကူ ဖြစ်စေပါသည်။



*ပုံ၅- ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် လက်တွေ့အသုံးချသင်တန်းတွင် ပါဝင်ကြသူများ၊ နေပြည်တော်၊ နိုဝင်ဘာလ ၅ ရက် ၂၀၂၄*

## Aqua-DST ဖြင့်ငါးမွေးမြူရေးလုပ်ငန်း၏အနာဂတ်ကို စတင်ကြပါစို့

Aqua-DST သည် ကိရိယာတစ်ခုထက် ပိုပါသည်။ Aqua-DST သည် ပြောင်းလဲနေသော ရာသီဥတုအလိုက်ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အစီအစဉ်ရေးဆွဲရာတွင် ပြောင်းလဲခြင်းတစ်ခုကို အစပျိုးသည့်အဆင့် ဖြစ်ပါသည်။ ဒေတာအချက်အလက်များကို အသုံးချ၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက်သာမကစားရေရိက္ခာဖူလုံရေးအတွက် ရေရှည်တည်တံ့၍ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသော ငါးမွေးမြူရေးစနစ်များအား သုံးစွဲသူအားလုံး ပူးပေါင်းပါဝင်ပြီး ဆုံးဖြတ်ချက်ချသူများမှ ဖန်တီးနိုင်ပါသည်။

**Aqua-DST** ၏ စမ်းသပ်ဗားရှင်းအား ဤနေရာတွင်လေ့လာနိုင်ပါသည်။ Aqua-DST Dashboard

ငါးမွေးမြူရေးလုပ်ငန်း၏အနာဂတ်ကို ပုံဖော်ရာတွင် ကျွန်ုပ်တို့ အားလုံးပူးပေါင်းဆောင်ရွက်ကြပါစို့။